စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့

အမိန့်ကြော်ငြာစာအမှတ် ( ၈ /၂၀၂၆)

၁၃၈၇ ခုနှစ်၊ တန်ပေါင်းလဆုတ် ၈ ရက်

(၂၀၂၆ ခုနှစ် ၊ မတ်လ ၁၀ ရက်)

# မြန်မာနိုင်ငံတွင် ကန့်သတ်ထားသော ပိုးသတ်ဆေးများစာရင်း ပြင်ဆင်သတ်မှတ်ခြင်း

၁။ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့သည်ပိုးသတ်ဆေးဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများ အပိုဒ်(၁၂) ပါလုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက်အောက်ဖော်ပြပါအဆိပ်ရှိပစ္စည်းများနှင့်ဖော်စပ်ထားသော ပိုးသတ်ဆေးများကို လက်မှတ်ရပိုးသတ်ဆေး သုံးစွဲသူများ ကိုယ်တိုင်ဖြစ်စေ / ယင်းတို့၏ ကြီးကြပ်မှုဖြင့်သာဖြစ်စေ သုံးစွဲရန်ဖြစ်သည့်ကန့်သတ်ထားသောပိုးသတ်ဆေးများ အဖြစ်သတ်မှတ်လိုက်သည်။

<u>ကန့်သတ်ထားသော ပိုးသတ်ဆေးများစာရင်း</u>

| စဉ် | အဆိပ်ရှိပစ္စည်းအမည် | ဆေးအုပ်စု | ကန့်သတ်သုံးစွဲရမည့်နည်းလမ်း |
|---|---|---|---|
| ၁ | Methyl Bromide | Organobromine Compound | Shall be restricted for used fumigation only under the supervision of Government. |
| ၂ | Aluminium Phosphide | Inorganic Compound | Shall be restricted for used fumigation only under the supervision of Government. |
| ၃ | Magnesium Phosphide | Ionic Compound | Fumigant |
| ၄ | Bromadiolone | Coumarin | Shall be restricted in formulation type only for used as Bait rodenticide. |
| ၅ | Zinc Phosphide | Inorganic | Rodenticide |
| ၆. | Brodifacoum | Coumarin | Shall be restricted in formulation type only for used as Bait rodenticide. |
| ၇ | Fenthion | Organo-phosphorus | Malarial Control for Household and Public Health |
| ၈ | Imidacloprid | Neonicotinoid | Seed Treatment for Field Pest Control. Not permitted for use as foliar spray. |
| ၉ | Ethylene Oxide | Epoxides | Sterilization process for Medical Devices. |

၂။ ယင်းကန့်သတ်ထားသော ပိုးသတ်ဆေးများ၏ တင်သွင်းရောင်းချမည့် အညွှန်းစာပေါ်တွင် **'ကန့်သတ်ထားသည့်ပိုးသတ်ဆေး'** ဟူ၍ စာမျက်နှာ အပေါ်မျက်နှာစာထိပ်ဆုံးတွင်သိသာထင်ရှားစွာ ဖော်ပြပေးရန် နှင့်ကန့်သတ်ထားသည့် အချက်တစ်ခုချင်းစီ အသေးစိတ် တို့တို့အား ဖော်ပြပေးရ မည် ဖြစ်ပါသည်။

၃။ ပိုးသတ်ဆေးမှတ်ပုံတင် အဖွဲ့သည် အပြည်ပြည်ဆိုင်ရာ အကြံပြုချက်များ၊ သုတေသနတွေ့ရှိ ချက်များအပေါ်အခြေခံလျက်ထပ်မံစိစစ်ရရှိသည့်ကန့်သတ်ထားသောပိုးသတ်ဆေးများစာရင်းကို အ များပြည်သူသို့ အခါအားလျော်စွာ ထုတ်ပြန်ကြေညာ အသိပေးသွားမည် ဖြစ်ပါသည်။

၄။ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၏ ၂၈ -၉-၂၀၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၉ /၂၀၂၂ ကို အား ဤစာဖြင့် လွှမ်းမိုး ပယ်ဖျက်လိုက်သည်။

၅။ ဤအမိန့်သည် ၁-၄-၂၀၂၆ ရက်နေ့မှစတင်၍အကျိုးသက်ရောက်စေရမည်။

ဒေါက်တာတင်ထွဋ်

ဥက္ကဋ္ဌ၊ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့

စာအမှတ် - ပမဖ - ၂ / ၂၀၂၆ ( ၂၇၈ )

ရက်စွဲ - ၂၀၂၆ ခုနှစ်၊ မတ်လ ၁၀ ရက်

**ဖြန့်ဝေခြင်း**

ယာယီသမ္မတရုံး

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

နိုင်ငံတော်ဝန်ကြီးချုပ်ရုံး

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ အမှုဆောင်ချုပ်ရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့

နေပြည်တော်ကောင်စီ

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့အားလုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ဝင်များနှင့်ပိုးသတ်ဆေးနည်းပညာကော်မတီဝင်များအားလုံး

ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းအပိုင်း ( ၁ ) တွင် ထည့်သွင်းကြော်ငြာပေးပါရန်။

ဤဝန်ကြီးဌာနရှိဦးစီးဌာနအားလုံး

အမိန့်အရ

ဒေါက်တာရဲတင့်ထွန်း

အတွင်းရေးမှူး၊ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့